# သက္ကယ်ပြင်ကျေးရွာ

# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၉ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သက္ကယ်ပြင်ကျေးရွာ၊ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ

## မာတိကာ


| | | |
|---|---|---|
| မာတိကာ | | ၂-၅ |
| အတိုကောက်စကားလုံးများ | | ၆ |
| စကားချီး | | ၇-၈ |
| သင်္ကာယ်ပြင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသ်ာတမြို့နယ် | | ၁၀ |
| သင်္ကာယ်ပြင်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | | ၁၁ |
| သင်္ကာယ်ပြင်ကျေးရွာ အဖွဲ့အစည်းပြမြေပုံ | | ၁၂ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | | ၁၃ |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၃ |
| | (၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၃-၁၄ |
| | (၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၄-၁၅ |
| (၂) | ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၅ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | ၁၅ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၅ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၆ |
| | (က) လူဦးရေဆိုင်ရာ အချက်လက်များ | ၁၆ |
| | (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၆ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | ၁၆ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၆-၁၇ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၇ |
| | (စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၇-၁၈ |
| (၄) | ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၈ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | ၁၈ |
| | (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | ၁၈ |
| | (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၈-၁၉ |
| | (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု | ၁၉ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၉ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၉-၂၀ |

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၂၀
(ဇ) အခြေခံအဆောက်အဦ - လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့်ဆက်သွယ်ရေး ၂၀-၂၁
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၁
(၅) ဖွံ့ဖြိုးရေးအတွက်ကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊
အဟန့်အတားနှင့် စိန်ခေါ်မှုများ ၂၁
(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ ၂၁-၂၂
(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု ၂၂-၂၃
(၆) ပန်းတိုင်နှင့်မဟာဗျူဟာ ၂၃
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၄
(၈) စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ ၂၄-၂၅
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၅
(ခ) ကဏ္ဍ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း ၂၅-၂၆
(ဂ) ဦးစားပေးစီမံချက်များ ၂၈
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၉
(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၀
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ ၃၀
(၁၀-၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၁
(၁၀-၂)ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၃၁
(၁၀-၃)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၁-၃၂
(၁၀-၄)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် ၃၂
အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ
အစီအမံများ ၃၂
(၁၁)စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၂ -၃၃
(၁၁-၁)ကြီးကြပ်စစ်ဆေးခြင်း ၃၃-၃၄

(၁၁-၂)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ ၃၄-၃၅

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူမှုစီးပွားရေး အခြေအနေ ၃၆
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၃၆
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား **၃၇-၄၀**
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား **၄၁**
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၄၂
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၄၂-၄၃
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၄၃-၄၄
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၄၄-၄၅
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ ၄၅
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၄၆
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ **၄၇**
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ ၄၈
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြု အဖွဲ့အစည်းများ ၄၈ - ၄၉
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၄၉
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု **၅၀**
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ **၅၀-၅၁**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၅၁ -၅၂
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု ၅၂
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ ၅၃-၅၄
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ ၅၄-၅၅
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**များ** ၅၅-၅၆
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၅၆-၅၈
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၅၈-၅၉

| | | |
|---|---|---|
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက်အခွင့်အလမ်းများ | ၆၀-၆၁ |
| ဇယား ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ | ၆၁-၆၂ |
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၆၃-၆၄ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၆၄ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၆၄-၆၅ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၆၅-၆၆ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၆၆-၆၈ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ | ၆၈ |
| ဇယား ၃၀ | ပညာရေးနှင့်စာတတ်မြောက်မှု | ၆၈-၆၉ |
| ဇယား ၃၁ | ကျောင်းတက်နှုန်း | ၇၀ |
| ဇယား ၃၂ | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၇၀-၇၁ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၂ |
| ဇယား ၃၄ | အဖြစ်များသော ရောဂါများ | ၇၂-၇၃ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၇၃ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၇၄ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၇၅-၇၆ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၇၆ |
| ဇယား ၃၉ | ကျား၊ မရေးရာ | ၇၇ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၇၈ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၇၉ |
| ဇယား ၄၂ | ရေကြောင်း သယ်ယူပို့ဆောင်ရေး | ၈၀ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များ | ၈၀-၈၁ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှု အခြေအနေ | ၈၁ |
| ဇယား ၄၅ | ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ | ၈၂ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၈၂ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု | ၈၃ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှု အခြေအနေ | ၈၃ |

ကိုးကားစာရင်း ၈၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါ သည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက် နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်

သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့<br>သက္ကယ်ပြင်ကျေးရွာ<br>ဟသ်ာတမြို့နယ်

မတ်လ၊ ၂၀၁၉ခုနှစ် ရက်

## သက္ကယ်ပြင်ကျေးရွာအုပ်စု၊ သက္ကယ်ပြင်ကျေးရွာသယံဇာတပြမြေပုံ



# သက္ကယ်ပြင်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | သဘာဝ မြေဩဇာ | ထွန်စက် ခွဲ | စပါး ကျဲ | အစာပက် ပေါင်းသတ် ဆေးဖျန်း | အစာ ပက် | ရေကျ စိုက် | ကောက် ရိတ် | မတ်ပဲ စိုက် | ပိုး/ မှိုသတ် ဆေးဖျန်း | - | ပဲနုတ် | ပဲနုတ်ပြီး |
| ၃ | အသုံးစရိတ် | နည်း | များ | များ | ပို များ | များ | နည်း | များ | များ | များ | နည်း | ပိုများ | နည်း |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | - | - | - | - | - | ဝက် တုတ်ကွေး | - | - | - | ကြက် တန်း ကျနာ | - | နွားခွာနာ လျှာနာ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေ သွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန် ပွဲ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

သက္ကယ်ပြင်ကျေးရွာ အဖွဲ့အစည်းပြမြေပုံ၊



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့ ၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရ စေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊

ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် နိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများ ကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါ

သည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

သက္ကယ်ပြင်ကျေးရွာသည် မြောက်ဘက်အစွန်းရွာဖြစ်၍ ဟသ်ာတမြို့နယ်နှင့်(၁၂)မိုင်ခန့်ကွာဝေးသည်။ ရွာ၏မြောက်ဘက်(၅)မိုင်တွင် ငဝနမြစ်ရှိပြီးရွာမြောက်ဘက်(၉)မိုင်အကွာတွင် ညောင်ကျိုးဒေသရှိသည်။ သက္ကယ်ပြင်ကျေးရွာနှင့် နီးစပ်လျက်ရှိသော ပတ်ဝန်းကျင်ရွာများမှာ ကျားချောင်ကျေးရွာ၊ လက်ပံလှကျေးရွာ၊ သဲထုံးကျေးရွာ၊ သူဌေးကုန်းကျေးရွာ၊ ဌက်ပျောတောကျေးရွာနှင့် ပေါ်သစ်ကျေးရွာတို့ရှိပါသည်။ သက္ကယ်ပြင်ကျေးရွာသည် ရေဆိပ်(၅)အုပ်စုတွင် အုပ်စုကျေးရွာတစ်ရွာဖြစ်ပြီး နှစ်စဉ်မြစ်ရေ အနည်းနှင့်အများရေးကြီး၍ ရေမြုပ်ကွင်းမြေနိမ့်ဒေသဖြစ်ပါသည်။ အမြင့်ဆုံး အပူချိန်မှာ ၄၂.၈ဒီဂရီစင်ဒီဂရိတ်နှင့် အနိမ့်ဆုံး အပူချိန်မှာ ၂၇ဒီဂရီစင်ဒီဂရိတ် ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှနှုန်း မိုးရွာသည့် ရက်မှာ(၁၀၇)ရက်ဝန်းကျင်ဖြစ်သည်။ မိုးရေချိန်မှာ (၉၃.၉၇") ဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့်ဩဂုတ်လများ ဖြစ်ပါသည်။

ဤကျေးရွာသည် ရေဆိပ်သာ(၅)အုပ်စုရွာ တစ်ရွာဖြစ်ပြီး ဖွံ့ဖြိုးမှုအနောက်ကျဆုံး အုပ်စုရွာတစ်ရွာလည်းဖြစ်ပါသည်။ ကြသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် မဲဇလီပင်၊ ရှောက်ပင်၊ သံပရာပင်၊ ဆင်တုံးမနွယ်ပင်၊ ခွေးလျှာပင်၊ ရဲယိုပင်၊ ကြိတ်မှန်ပင်၊ ထိကရုန်းပင် စသည့် သဘာဝဆေးဘက်ဝင်အပင်များ မရှားပါးသော ဒေသလည်းဖြစ်ပါသည်။ စိုက်ပျိုးမြေသဘာဝအရင်းအမြစ်နှင့် မြေအောက်ရေရရှိသလို မိုးအခါတွင် မြစ်ရေ၊ ချောင်းရေများလည်း ရရှိသော ဒေသ ဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၃၆၀)စုနှင့် ကျား(၆၇၈)၊ မ(၆၅၇)ဦးဖြင့် လူဦးရေပေါင်း (၁၃၃၅)ဦး ရှိကာတစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ ၆၅%ရှိပြီး ကျေးရွာတွင် နေထိုင်သူ အမျိုးသားနှင့် အမျိုးသမီးလူဦးရေမှာ အချိုးညီမျှမှုရှိသဖြင့် အမျိုးသားများနှင့်အတူ အမျိုးသမီးများပါ လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမို အထောက်အကူပြု စေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏ (၆၅%) နီးပါးမှာ မပြေလည်သော အိမ်ထောင်စုများ ဖြစ်ပါသည်။အဆင်ပြေသော ပျမ်းမျှအားဖြင့် လယ်(၅)ကေနှင့်အထက်၊ ကိုင်း(၅)ကေနှင့်အထက်တို့ ပိုင်ဆိုင်ကြပြီး အိမ်အခြေအနေကောင်းမွန်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများတွင် အိမ်အသင့်အတင့်ပိုင်ဆိုင်မှုရှိပြီး ကိုင်းမြေအသင့်အတင့် ရှိပါသည်။

ဆင်းရဲသော အိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်ခြေမရှိခြင်း၊ လယ်ယာမြေ အနည်းငယ်(သို့ ) ပိုင်ဆိုင်မှု မရှိခြင်းတို့ကြောင့် နေ့စား၊ ကျပန်းအလုပ်တို့ဖြင့် ရပ်တည်နေရပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ဆင်းရဲနွမ်းပါးသူ ဦးရေမှာ ကျေးရွာလူဦးရေ၏ (၅၂%) ရှိပြီး ထိခိုက်လွယ်မှု မရှိသလောက် နည်းပါးပါသည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျန်းမာရေးချို့တဲ့မှုများ ရှိလာပါက ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သာမန်အဖျားရောဂါများ သွားရောက် ကုသနိုင်

သော်လည်း အရေးပေါ်ကိစ္စရပ်များကိုမူ (၁၂)မိုင်ကွာဝေးသော ဟသ်ာမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကုသကြပါသည်။

ကျန်းမာရေး စောင့်ရှောက်မှုအတွက် သွားလာရေးအခက်အခဲမှာ လမ်းကြမ်းပါသည်။ ကျောင်းသား/သူများအား စာသင်ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများ ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

သက္ကယ်ပြင်ကျေးရွာတွင် မူလတန်းကျောင်းနေအရွယ်(၁၁၈)ဦးနှင့် အလယ်တန်းကျောင်းနေအရွယ် (၈၃)ဦးရှိပါသည်။ အထက်တန်းပညာသင်ယူနေသော ကျောင်းသား/သူ (၄၂)ဦးရှိပြီး တက္ကသိုလ်တက်ရောက်နေသူ (၁၃)ဦးရှိကာ ကျေးရွာကျောင်းတက်နှုန်းအဆင့်မှာ များလွန်းအားမကြီးသော်လည်း အလယ်အလတ်အဆင့်မျှမကရှိပါသည်။ ကျေးရွာ၏ အတန်းပြီးမြောက်မှုအနေဖြင့် စာမတတ်သူဦးရေ(၁၁%)၊ မူလတန်းအဆင့်(၅၄%)၊ အလယ်တန်းအဆင့် (၁၉%)၊ အထက်တန်းအဆင့်(၁၁%)%)၊ တက္ကသိုလ်ကောလိပ်အဆင့်ရှိသူ (၅%)ခန့်ရှိရာ ကျေးရွာ၏ စာတတ်မြောက်မှု အခြေအနေမှာ အတင့်အသင့်အနေအထားရှိပါသည်။

## (စ) ကျား/မဆိုင်ရာဆက်နွယ်မှု

သက္ကယ်ပြင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေများအနက် အမျိုးသမီးဦးရေနှင့် အမျိုးသားဦရေမှာ တန်းတူနီးပါးရှိပါသည်။ ကိုင်း ထွန်ယက်ချိန်နှင့် ကိုင်းစိုက်ပျိုးချိန်တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀) ကျပ်နှင့် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့်ရရှိပါသည်။ ကွမ်းခူး၊ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်ခန့် ရရှိပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့် အလိုက် အမျိုးသားဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု၊ တိုင်ကြားမှုများမရှိပါ။ လူနေမှုအဆင့်အတန်း ခွဲခြားဆက်ဆံမှုမရှိဘဲ ကျေးရွာ

ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာ နေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

သက္ကယ်ပြင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင် အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

သက္ကယ်ပြင်ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ၊ မိဘဆရာအသင်း ရပ်မိရပ်ဖ၊ ဂေါပက၊ စိုက်ပျိုးရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်း အကျိုးတော်ဆောင်အဖွဲ့တို့သည်ကျေးရွာ၏သာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် လူမှုရေးနှင့် သာရေး၊နာရေးကိစ္စရပ်များကို ရေရှည်ဆောင်ရွက်မည့် အဖွဲ့လိုအပ်နေသေးသဖြင့် ထပ်မံဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ ၊ပြင်ပအဖွဲ့ အစည်းများ နှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

သက္ကယ်ပြင်ကျေးရွာတွင် တောင်သူများ၏ အဓိကစိုက်ပျိုးသီးနှံမှာ ပဲ၊ပြောင်း၊ ငရုတ်ဖြစ်ပြီး အခြားရာသီကုန်သီးနှံများလည်း စိုက်ပျိုးကြသည်။ လယ်မြေများလည်းရှိပြီး စပါးကို မြစ်ရေအခြေအနေကြည့်၍ စိုက်ပျိုးကြသည်။ မြစ်ရေသည် ပျက်စီးနိုင်သဖြင့် ၎င်းရေမှတ်၌ မမြုတ်နိုင်သော လယ်မြေများသာ စိုက်ပျိုးမှု နည်းပါးပါသည်။ စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးကို အဓိကထား လုပ်ကိုင်သောကြောင့် ကြက်၊ဘဲ၊ ဝက်နှင့် နွားတို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။ စီးပွားဖြစ်မွေးမြူရေးခြံများ မရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

**သက္ကယ်ပြင်**ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြား

အိမ်ထောင်စုများအနေဖြင့် တစ်နေ့လျှင်လုပ်ငန်းများမှာ အိမ်ဆိုင်၊ အရောင်းအဝယ်၊ ပန်းရံ၊ လက်သမားနှင့် ဆိုင်ကယ်ပြင်ဆိုင် စသည်တို့ ဖြစ်ကြပါသည်။ နေ့စားလုပ်ကိုင်ကြသူများမှာလည်း ပန်းရံဆင်း၊ လယ်ထဲဆင်း၊ ခြံထဲဆင်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

တစ်နေ့လျှင် ကျား(၅၀၀၀)နှင့် မ(၄၀၀၀)ခန့် ရရှိပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

သက္ကယ်ပြင်ကျေးရွာ၏ စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓာတုမြေသြဇာများ၊ ဓါတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာခမ်းခြောက်မှုများ ဖြစ်ပေါ်လာပါသည်။မြေဆီလွှာပျက်စီးလာမှုကြောင့် သဘာဝဆေးဘက်ဝင်အပင်များလည်း ရှားပါးကာ အပင်များအတွက် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းလာသောကြောင့် ဖျက်ပိုးများကျရောက်မှု ရှိနေပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။

ကျေးရွာလုံခြုံရေးအတွက် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ကျေးရွာ လူငယ်များ အဖွဲ့မှ တက်ကြွစွာ ပါဝင်ကြပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မှ ဆောင်းဘဏ်၊ မိုးဘဏ်တို့မှ ရရှိပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

သက္ကယ်ပြင်ကျေးရွာရှိ မူလတန်းကျောင်းဆောင်မှာ အိုဟောင်းနေ၍ အလယ်တန်းကျောင်းခွဲမှာလည်း RCမဟုတ်ဘဲ ဖြစ်ရုံ သစ်သားကျောင်းဆောင်သာ ဖြစ်ပါသည်။ ကျောင်းတွင် အစိုးရခန့်ဆရာ၊ ဆရာမ(၁၀)ဦးရှိပြီး ကျောင်းဆရာ (၄)ဦးနှင့် ကျောင်းဆရာမ(၆)ဦး ကျောင်းသားဦးရေမှာ (၂၅၆)ဦးရှိပါသည်။

သက္ကယ်ပြင်ကျေးရွာတွင် လက်နှိပ်တုံတင်ပေါင်း (၁၃၀)၊ ရေတွင်း (၁၅)လုံး၊ စက်တပ်(၄၉)လုံးရှိပြီး သောက်သုံးရေဖူလုံမှုရှိပါသည်။

သက္ကုယ်ပြင်ကျေးရွာတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများလစဉ် ကျန်းမာရေးဝန်ဆောင်မှုများကို ကျန်းမာရေးဝန်ထမ်းများမှ ထိုးနှံပေးသောကြောင့် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များမှ ဖြစ်ပေါ်တတ်သော ရောဂါများကင်းဝေးကြပါသည်။သာမာန်အဖျားများအတွက် ကျေးလက်ကျန်းမာရေးဌာနတွင် ပျောက်ကင်းသော်လည်း ဆိုးဝါးသော ရောဂါများနှင့် မတော်တဆဖြစ်မှုများအတွက် ကျေးရွာနှင့်(၁၂)မိုင်ကွာဝေးသော ဟင်္သာတမြို့သို့ သွားရောက်ကုသရပါသည်။ ထိုသို့သွားရောက်ကုသရာ၌ မိုးရာသီတွင် အခက်အခဲရှိပါသည်။လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပါက ကျန်းမာရေးအတွက်သာမက ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမှာဖြစ်ပြီး စီးပွားရေးအခွင့်အလမ်းကောင်းများနှင့် အလုပ်အကိုင်များ ရရှိလာမှာဖြစ်ပါသည်။

သက္ကုယ်ပြင်ကျေးရွာတွင် မီးသတ်ရေကန်(၁)ကန်ရှိ၍ သောက်သုံးရေအတွက် စက်တွင်းများမှရရှိပြီး ရေအတွက် မပူပင်ရသော ရွာဖြစ်ပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာကျေးရွာ၏ သာရေး ၊နာရေး ၊ဘာသာရေးဆိုင်ရာကိစ္စများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။လူငယ်များအတွက် အားကစားတွင် စိတ်ဝင်စားလာစေရန် ရပ်ကွက်ဘောလုံးပွဲများကိုလည်း နှစ်စဉ်ပြုလုပ်ပေးပါသည်။လူငယ်များသည် ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေးများတွင် ပါဝင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်မှု အားနည်းနေပါသည်။ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုကလည်း လိုအပ်နေပါသည်။လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦး/ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

သက္ကုယ်ပြင်ကျေးရွာတွင် ၂၀၁၆-၂၀၁၇ခုနှစ်၌ သက္ကုယ်ပြင်-လက်ပံလှ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းအား အလျား(၂၈၀၀)ပေ၊ အနံ(၃)ပေနှင့် အမြင့်(၃)လက်မ ခင်းခဲ့ပါသည်။

သက္ကုယ်ပြင်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ရေတက်ချိန်တွင် စက်လှေ၊ မော်တော်ယာဉ်များဖြင့် အသုံးပြု၍ ကျေးရွာအတွင်း ထော်လာဂျီ

သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်၊ စက်ဘီးစသည်တို့နှင့်အဆင်ပြေသလို သုံးစွဲနေကြပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

သက္ကယ်ပြင်ကျေးရွာတွင် မိသားစုကဲ့သို့ပင် စည်းစည်းလုံးလုံးနေထိုင်ကြပြီး ပြဿနာကြီးကြီးမားမားဖြစ်လေ့ဖြစ်ထ နည်းပါးပါသည်။ ဘုန်းတော်ကြီးများ၏ ဆုံးမမှု၊ လူကြီးမိဘများ၏ ဆုံးမမှုဖြင့် အေးချမ်းသာယာစွာနေထိုင်ပါသည်။ယခင်က အမှုအခင်းအနည်းငယ်ရှိခဲ့သော်လည်း ၂၀၁၈ခုနှစ်မှစ၍ မရှိတော့ပါ။ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်အပေါင်းတို့က စုပေါင်းဆောင်ရွက်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သက္ကယ်ပြင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ ကျေးရွာလူဦးရေ၏ (၆၅%)ရှိပါသည်။ထို့အပြင် တက္ကသိုလ်ဘွဲ့ရများလည်း ရှိပါသည်။လူကြီး၊လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ် ကာလများအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

သက္ကယ်ပြင်ကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ်ကိုအခြေခံပြီး စီးပွားရေးလုပ်ကိုင်ကြသောကြောင့် ရာသီပေါ်သီးနှံများအား ရောင်းဝယ်လုပ်ကိုင်ကြရသဖြင့် လမ်းပန်းဆက်သွယ်ကောင်းမွန်လာပါက ရွာသူ/သားများ၏ စီးပွားရေးမှာ ပိုမိုအဆင်ပြေလာနိုင်ပါသည်။

သက္ကယ်ပြင်ကျေးရွာရှိ မူလတန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) ကျောင်းများမှ ကျောင်းသား၊ကျောင်းသူများအတွက် သင့်တော်သော ဆရာလုံလောက်မှုမရှိပါ။မိဘဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ပညာရေးကဏ္ဍတွင် လက်ရှိအနေအထားထက် သာလွန်၍ ကောင်းမွန်သော အလားအလာကောင်းများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ သက္ကယ်ပြင်ကျေးရွာ အထက်တန်း

ကျောင်းသား/သူများအနေဖြင့် ပညာသင်ကြားရာတွင် လက်ပံလှအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရ၍ မိုးတွင်းကာလတွင် ရေလမ်းခရီးဖြစ်သည့်အတွက် သွားလာရ အခက်အခဲရှိပါသည်။ကျန်းမာရေးကဏ္ဍတွင် ကြွက်ကျွန်း တိုက်နယ်ဆေးရုံနှင့်(၅)မိုင် ကွာဝေးပြီး ဟသ်ာတပြည်သူ့ဆေးရုံနှင့် (၁၂)မိုင်ခန့်ကွာဝေးသဖြင့် ရေကျချိန်၌ သွားလာရ အဆင်ပြေသော်လည်း မိုးတွင်းကာလ၌ လူနာများ လမ်းပန်းဆက်သွယ်ရေး သွားလာရ အခက်အခဲရှိပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

### (၁) စိုက်ပျိုးရေး

သက္ကယ်ပြင်ကျေးရွာတွင် ပြောင်းစိုက်ပျိုးခြင်း၊ ပဲစိုက်ပျိုးခြင်းစသည့် ရာသီပေါ် သီးနှံ စိုက်ပျိုးခြင်းနှင့် တစ်ပိုင် တစ်နိုင်စိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။

### (၂) မွေးမြူရေးနှင့်ရေလုပ်ငန်း

သက္ကယ်ပြင်ကျေးရွာတွင် ကြက်၊ဝက်၊ဘဲ၊နွားများကို တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး ရေလုပ်ငန်း လုပ်ကိုင်ခြင်းမရှိပါ။

### (၃) ပညာရေး

သက္ကယ်ပြင်ကျေးရွာ၏ မြောက်ဘက်တွင် မူလတန်းကျောင်းနှင့် အလယ်တန်း ကျောင်းခွဲရှိ၍ ကျောင်းသား/သူများအတွက် ဆရာ/မ လုံလောက်မှုမရှိပါ။ မူလတန်းကျောင်း ဆောင်မှာ အိုဟောင်းယိုယွင်း၍ အလယ်တန်းကျောင်းခွဲမှာလည်း RCကျောင်းမဟုတ်ခြင်း၊ သစ်သားကျောင်းဆောင်သာ ဖြစ်ပါသည်။သက္ကယ်ပြင်ကျေးရွာ၏ အထက်တန်းကျောင်းသား /သူများအနေဖြင့် ပညာသင်ကြားရာတွင် လက်ပံလှအုပ်စု၊ လက်ပံလှကျေးရွာအထက်တန်း ကျောင်းသို့ သွားရောက်ပညာသင်ကြားရ၍ မိုးတွင်းကာလ၌ မြစ်ရေကြီး၍ သွားရေးလာရေး အခက်အခဲရှိပါသည်။

### (၄) ကျန်းမာရေး

သက္ကယ်ပြင်ကျေးရွာတွင် သားဖွားဆေးပေးခန်းတစ်ခုရှိပါသည်။ အရေးကြီးသော လူနာများကို ကျေးရွာနှင့် (၅)မိုင် ဝေးကွာသော ကြွက်ကျွန်းတိုက်နယ်ဆေးရုံနှင့် (၁၂)မိုင် ကွာဝေးသော ဟသ်ာတပြည်သူ့ဆေးရုံသို့ တက်ရောက်၍ ကုသရပါသည်။သို့သော်လည်း

နွေရာသီမြစ်ရေကျချိန်၌ အခက်အခဲမရှိသော်လည်း မိုးတွင်းကာလမြစ်ရေကြီးချိန်၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိပါသည်။

### ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ သက္ကယ်ပြင်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ရေးဆွဲပြီးဖြစ်ပါသည်။၎င်းပန်းတိုင်အတွက် အကောင် အထည်ဖော်ရေးစီမံကိန်းများ ရေးဆွဲထားပါသည်။

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၁၉ မှ ၂၀၂၃ )၅ နှစ်တာကာလအတွင်း အောက်ပါအတိုင်းရိုးရှင်းစွာ ချမှတ်ထားပါသည်။

(က.၁) ရွာလူထုသည် မွေးမြူရေးနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများဖြင့် ဝင်ငွေတိုးတက် စေရမည်။

(က.၂) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

(က.၃) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျ

ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(ခ.၁) ကျေးရွာအတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အားပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(ခ.၂) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ရန်အတွက် ကျေးရွာ ဆက်သွယ်ရေးလမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်သွား ပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ဖော်ပြပါအဖွဲ့အစည်းများသည် လိတ္တူကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှု ပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုပေးနိုင်ပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ၊ ကျေးရွာသားများ၏ အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်ရန် ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင် ဆောင်ရွက်ရမည်

ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက် အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါသည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်ပေ။ (၅)နှစ်တာ ကာလအတွင်း ကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ထပ်တိုးစီမံချက် လုပ်ဆောင်သွားမည်ဟု ရည်ရွယ်ထားပါသည်။ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

## (ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များနှင့် စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုး ဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ် ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု (၅)အုပ်စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရပါမည်။အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့ အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

## သက္ကယ်ပြင်အုပ်စု၊သက္ကယ်ပြင်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလမ်း | ကျေးရွာတွင်းရှိ မြေသားလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း | ၁၀၀ | ၁ |
| ၂။ | ကျေးရွာတွင်းတံတား | ကျေးရွာတွင်းရှိ တံတားဟောင်းအား ပြန်လည်ပြုပြင်ခြင်း | ၉၇ | ၂ |
| ၃။ | ပညာရေး | သစ်သားစာသင်ဆောင်အဟောင်းအား ဖျက်၍ အသစ်ပြန်လည်တည်ဆောက်ခြင်း | ၇၀ | ၃ |
| ၄။ | လူငယ်ဖွံ့ဖြိုးရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅၀ | ၄ |
| ၅။ | | လူငယ်များကစားကွင်းရရှိရေး | ၅၀ | ၅ |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထာ သည် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်းတံတားဟောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျောင်းအဆောက်အဦ | ၃ | | | ✔ | | |
| ၄။ | စာကြည့်တိုက် | ၄ | | | | ✔ | |
| ၅။ | ကစားကွင်းရရှိရေး | ၅ | | | ✔ | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး စရိတ် | ငွေလုံးငွေရင်းအသုံး စရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင်ရည်မြှင့် တင်ရေး | |
| ၁။ | ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း | | | ✓ | | |
| ၂။ | ကျေးရွာတွင်း တံတားတည်ဆောက်ခြင်း | | | ✓ | | |
| ၃။ | ကျောင်းအဆောက်အဦ | | | ✓ | | |
| ၄။ | စာကြည့်တိုက် | | | ✓ | | |
| ၅။ | ကစားကွင်းရရှိရေး | | | | ✓ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာ တွင်တာဝန်ရှိပါသည်။

## (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူ ဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့ အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ

- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာ နှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာ ပုဂ္ဂလိက အဖွဲ့အစည်း
- များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်း လုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှု ပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာ ဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီး ဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (၄) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည် တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ် ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာ အလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါ သည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုး တက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်

ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီး မြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက် ပါမည်။

**(၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

